**Palaung Women's Organization**

**ပလောင် (တအာင်း) အမျိုးသမီးအစည်းအရုံး**

P.O Box 98, MaeSot, Tak province 63110, Office Tel: 055547134, Email: <pwotaang@gmail.com>

# မြန်မာစစ်အစိုးရ ထိန်းချုပ်မှုအောက်တွင် ဘိန်းစိုက်ပျိုးမှု တိုးမြင့်လာနေခြင်း

ပလောင်သုတေသနများ၏ တွေ့ရှိချက်များကို အစီရင်ခံစာ အသစ်တခုထုတ်ပြန်ခဲ့ရာတွင် မြန်မာစစ်အစိုးရ ထိန်းချုပ်မှု အောက်ရှိ နိုင်ငံ၏ အရှေ့မြောက်ပိုင်း ရှမ်းပြည်နယ် ဒေသများတွင် လွန်ခဲ့သည့် ၃–နှစ်အတွင်းတွင် ဘိန်းစိုက်ပျိုးမှု အလျှင်အမြန် တိုးတက် များပြားလာနေကြောင်း ဖော်ပြထားပါသည်။

ပလောင်အမျိုးသမီး အစည်းအရုံး (PWO) ၏ "အဆိပ်သင့်တောင်တန်းများ" အမည်ရှိ အစီရင်ခံစာတွင် မှတ်တမ်းတင်ထားရာ၌ မန်တုန်နှင့် နမ့်ခမ်းမြို့နယ်များရှိ ဘိန်းစိုက်ပျိုးရာ နေရာများသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ၅ ဆမျှ တိုးတက်လာပြီး ဧရိယာ ၄,၅၀၀ ဟက်တာမျှ ရှိနေကြောင်း ဖော်ပြထားသည်။ ဤကိန်းဂဏန်းသည် နှစ်စဉ်ပြုလုပ် ထုတ်ပြန်နေသည့် ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှု ဆိုင်ရာရုံး (UNODC) ၏ နှစ်စဉ် ဘိန်းထုတ်လုပ်မှု စစ်တမ်းကောက်ယူချက်မှ ခန့်မှန်းချက်ထက် လွန်စွာ များပြားနေကြောင်း တွေ့ရပါသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၊ မြန်မာ့တပ်မတော် တပ်ရင်းများ၊ အစိုးရက ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ် လက်နက်ကိုင် တပ်ဖွဲ့များက ဘိန်းစိုက်တောင်သူများထံမှ "အခွန်" ကောက်ယူ၍ အမြတ်အစွန်းများစွာ ဖြစ်နေကြပါသည်။ အစိုးရ၏ မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များကလည်း ဘိန်းခင်းများကို ရှင်းလင်းသုတ်သင်ရမည့်အစား၊ ဒေသခံတောင်သူများထံမှ ငွေကြေးများစွာ တောင်းယူ၍ ဘိန်းခင်း များကို မဖျက်ဆီးဘဲ ချန်ထားကြပါသည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားရာတွင် စုစုပေါင်း လာဘ်ငွေအဖြစ် ပေးကြရသော ပမာဏသည် ၂၀၀၇–၀၈ ဘိန်းစိုက်ရာသီ၌ မန်တုန်မြို့နယ် တခုတည်း၌ပင် ကျပ် ၃၇ သန်း (အမေရိကန်ဒေါ်လာအားဖြင့် ၃၇,၀၀၀) ရှိနေကြောင်း တွေ့ရှိရသည်။

ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) ကဲ့သို့သော စစ်အစိုးရကို ခုခံဆန့်ကျင်နေသည့် အဖွဲ့အစည်းများက ထိန်းချုပ်ထား သော ဒေသများရှိသော်လည်း၊ ဤအဖွဲ့က စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် ရယူခဲ့ပြီး နောက်ပိုင်း ၂၀၀၅ ခုနှစ်တွင် အတင်းအကျပ် လက်နက်ချစေခဲ့ပါသည်။ ထိုအချိန်မှစ၍ စစ်အစိုးရတပ်များနှင့် ပြည်သူ့စစ် လက်နက်ကိုင် တပ်များက တိုးချဲ့နေရာယူ လာခဲ့ကြသည်။

"ဒီနေ့ဆိုရင် စစ်အစိုးရ တပ်တွေနဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေက နေရာတိုင်းလိုလိုမှာ ပိုများလာပြီး ရှိနေတယ်။ ကျမတို့အဖို့တော့ မူးယစ်ဆေး တွေ ပိုထွက်လာမယ်။ မူးယစ်ဆေးစွဲတာတွေ ပိုများလာလိမ့်မယ်လို့ မြင်နေတယ်" ဤအစီရင်ခံစာကို ဦးဆောင် သုတေသနပြုခဲ့သူ လုည်းနွေနှောင်းက ပြောသည်။

ကျေးရွာလူထုများကို လေ့လာဆန်းစစ်ချက်အရလည်း ဤဒေသများတွင် မူးယစ်ဆေးစွဲမှု အခြေအနေ ဆိုးရွားလာနေကြောင်း တွေ့ရှိရသည်။ မန်တုန်မြို့နယ်ရှိ ကျေးရွာတရွာတွင် ဆန်းစစ်လေ့လာချက်အရ အသက် ၁၅–နှစ်အထက် လူငယ်နှင့် ယောကျ်ား ၈၅ ရာခိုင်နှုန်းသည် ဘိန်း၊ သို့မဟုတ် ဘိန်းဖြူစွဲနေကြကြောင်း တွေ့ရှိရသည်။

"ကျမတို့နေရာမှာတော့ ဆေးစွဲနေတဲ့သူကိုမှ မယူရင် အိမ်ထောင်ပြုဖက် ရှာလို့ရတော့မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ လူတိုင်းက ဆေးစွဲနေကြလို့ပဲ။ မူးယစ်ဆေးဝါး မသုံးတဲ့သူဆိုလို့ ဘုန်းကြီးကျောင်းမှာ ရှိနေတဲ့ ဘုန်းကြီးသံဃာတွေပဲ ရှိတော့တယ်။" ဤအစီရင်ခံစာ အတွက် တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးတဦးက ပြောသည်။

မြန်မာနိုင်ငံတွင် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းကသာ ယခုပြဿနာ၏ ရေသောက်မြစ်သဖွယ် ဖြစ်နေသည့် ပြည်တွင်းစစ်ကို ပြေလည် စေမည် ဖြစ်ပြီး၊ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ယခု အစီရင်ခံစာက အလေးပေး ဖော်ပြထားပါသည်။

"အခု စစ်အစိုးရ အာဏာတည်မြဲနေသ၍ မြန်မာပြည်သူတွေမှာ ဒီဒေသထဲမှာ ဘိန်း၊ မူးယစ်ဆေးဝါးတွေနဲ့ အဆိပ်သင့်နေကြရ ဦးမယ်၊" လိုည်းနွေနှောင်းက ပြောသည်။

*အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရှုလိုပါက* ***(www.womenofburma.org)****သို့မဟုတ်* ***(www.palaungland.org)*** *အင်တာနက် စာမျက်နှာ များတွင် ရယူနိုင်သည်။*

**ဆက်သွယ်ရန်**

**လိုည်းနွေနှောင်း** +၆၆ ၈၂ ၁၆၄ ၈၁၁၅ **လွေးအေးနန်း** +၆၆ ၈၀ ၁၁၅ ၉၅၉၈ **လွေးမိုးခမ်း** +၆၆ ၈၃ ၃၃၀၂၃၀၄